**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်**

**ကြေညာချက်အမှတ် ( ၅ / ၂၀၁၈ )**

# ယုံကြည်မှုစပေါ်ငွေပြန်လည်ထုတ်ယူရန်အသိပေးကြေညာချက်

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ၁၃-၂-၂၀၁၅ ရက်စွဲပါ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများဆိုင်ရာ ကြေညာချက်အမှတ် (၂/၂၀၁၅) ဖြင့် ယုံကြည်မှုစပေါ်ငွေ (Trust Deposit) ကျပ် ၂၀ သိန်း အား ကော်မရှင်၏ ငွေစာရင်းအမှတ် MD-010123 သို့ တင်သွင်းရန်နှင့် လိုင်စင်ထုတ်ပေးရန် ရွေးချယ်ခြင်းမခံရပါက အဆိုပါ ယုံကြည်မှုစပေါ်ငွေအား ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ လိုင်စင်ထုတ်ပေးရန် ရွေးချယ်ခြင်းမခံရသည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်လျှောက်ထားခဲ့သည့် ကုမ္ပဏီများအနေဖြင့် မိမိတို့တင်သွင်းခဲ့သော ယုံကြည်မှုစပေါ်ငွေ (Trust Deposit) ချလံမူရင်းနှင့်တကွ ကော်မရှင်သို့ **(၃၁-၁၂-၂၀၁၈) ရက်နေ့နောက်ဆုံးထား၍** လာရောက်ထုတ်ယူပါရန်နှင့် အကယ်၍ အဆိုပါနေ့ရက်အတွင်း ပြန်လည်ထုတ်ယူခြင်းမရှိပါက ၁-၄-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၃၅/၂၀၁၇) ပါဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းနှင့်အညီ အချိန်လွန်အပ်ငွေအဖြစ် စာရင်းပြောင်းရွှေ့မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်-**

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

အမှတ်(၂၁-၂၅)၊ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊

မြန်မာ့စီးပွားရေးဘဏ်တိုင်းဒေသကြီးရုံး၊ ဒုတိယထပ်၊ ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၃၇၀၁၀၀၊ ၀၁-၃၇၃၉၅၉ ၊

Email: secmsupervisory.myanmar@gmail.com